| (၇) | ဆိုဒီယမ် ဆိုင်ယာနိုက် (Sodium Cyanide) | (Sodium Cyanide) |
| (၈) | ဆာဖရိုးကြွယ်ဝသော အဆီ (Safrole rich oil) | [1,3–benzodioxole,5–(2–propenyl)–] |
| (၉) | တာတာရစ် အက်ဆစ် (Tartaric Acid) | (2*R*,3*R*)–2,3–dihydroxybutanedioic acid |
| (၁၀) | သိုင်အိုနိုင်းလ် ကလိုရိုက် (Thionyl Chloride) | (thionyl dichloride) |

၂။ အပိုဒ် ၁ အရ သတ်မှတ်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ ထုတ်လုပ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းတို့အတွက် အပိုဒ် ၃ နှင့်အညီ ထောက်ခံချက် သို့မဟုတ် ခွင့်ပြုချက်ရယူရမည်။ သို့ရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော

ဆေးဝါးများထုတ်လုပ်ရာ၌ အသုံးပြုရန်မဟုတ်သော အောက်ပါထိန်းချုပ်ဓာတုပစ္စည်းများ၊ ယင်းတို့နှင့် ပြုပြင်ဖော်စပ်ရောနှောထုတ်လုပ်ထားသည့် ဆေးဝါးများ၊ ဒြပ်ပေါင်းများအတွက် ထောက်ခံချက် သို့မဟုတ် ခွင့်ပြုချက်ရယူရန်မလို-

(က) အပိုဒ် ၁ ပါ ထိန်းချုပ်ဓာတုပစ္စည်းတစ်မျိုးမျိုးနှင့် ဖော်စပ်ထုတ်လုပ်ထားသည့် ဆေးကုသရာ၌အသုံးပြုသော ဆေးဝါးများ၊

(ခ) အလွယ်တကူ ဓာတ်ခွဲထုတ်လုပ်၍ ပြန်လည်အသုံးမပြုနိုင်သည့် အပိုဒ် ၁ ပါ ထိန်းချုပ်ဓာတုပစ္စည်း တစ်မျိုးမျိုး၏ ဒြပ်ပေါင်းများ၊ (ဥပမာ)ထိန်းချုပ်ဓာတုပစ္စည်းတစ်မျိုးမျိုးဖြင့် ပြုပြင်ထုတ်လုပ်ထားသည့် ဘက်ထရီအက်စစ်၊ အလှဆီ၊ အမွှေးနံ့သာ၊ ရေမွှေး၊ ဆပ်ပြာမွှေး၊ ဆိုးဆေး၊ ချေးချွတ်ဆေး၊ သုတ်ဆေး၊ ဓာတ်မြေသြဇာစသည့် အများပြည်သူ အိမ်သုံး၊ လူသုံး၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊

(ဂ) အများပြည်သူ အိမ်သုံး၊ လူသုံး၊ လုပ်ငန်းသုံးဖြစ်သည့် အောက်ပါအလေးချိန် သို့မဟုတ် ပမာဏရှိသော ထိန်းချုပ်ဓာတုပစ္စည်းများ-

| | | | |
|---|---|---|---|
| (၁) | အက်စစ်တစ် အင်ဟိုက်ဒရိုက် | - | ၁၀ လီတာ |
| (၂) | ပိုတက်စီယမ် ပါမင်းဂနိတ် | - | ၅ ကီလိုဂရမ် |
| (၃) | အက်စီတုန်း | - | ၁၀ လီတာ |
| (၄) | အီသိုင်းလ် အီသာ | - | ၁၀ လီတာ |
| (၅) | ဟိုက်ဒရိုကလိုရစ် အက်စစ် | - | ၅၀ လီတာ |
| (၆) | ဆာလ်ဖြူရစ် အက်စစ် | - | ၅၀ လီတာ |
| (၇) | တော်လူအင်း | - | ၁၀ လီတာ |

(ဃ) ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်လက်မှတ်ရဆရာဝန်နှင့် လူနာများက အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်းပြုသည့်ထိန်းချုပ်ဓာတုပစ္စည်းများ။

၃။ (က) အောက်ပါလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီ၏ ထောက်ခံချက်ကိုကြိုတင်ရယူပြီးမှ ဆက်လက်ဆောင်ရွက်ရမည်-

(၁) ထိန်းချုပ်ဓာတုပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊

(၂) ထိန်းချုပ်ဓာတုပစ္စည်းကိုအသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊

(၃) ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်း။

( ခ ) အပိုဒ်ခွဲ (က) (၃) အရ လုပ်ငန်းဆောင်ရွက်သူသည် အပိုဒ် ၁ ဇယား (၁) တွင်ဖော်ပြထားသော ထိန်းချုပ်ဓာတုပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းတို့အတွက် တင်သွင်းခြင်း၊ တင်ပို့ခြင်းမပြုမီ သတ်မှတ်ချက်များနှင့်အညီ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေး ကော်မတီသို့ ကြိုတင်အကြောင်းကြားရမည်။

( ဂ ) ထိန်းချုပ်ဓာတုပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက် လိုသူသည် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီ သို့မဟုတ် ယင်းကော်မတီက လွှဲအပ်တာဝန်ပေးသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်၏ ခွင့်ပြုချက်ရယူရမည်-

(၁) လက်ဝယ်ထားခြင်း၊

(၂) သိုလှောင်ခြင်း၊

(၃) သယ်ယူပို့ဆောင်ခြင်း၊

(၄) တစ်ဆင့်ပေးပို့ခြင်း၊

(၅) ဖြန့်ဖြူးခြင်း၊

(၆) ရောင်းချခြင်း၊

(၇) သုတေသနပြုလုပ်ခြင်း။

၄။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ၂၀၂၂ ခုနှစ်၊ မေလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၁၃/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များ၏ တည်ဆောက်ပြုပြင်ရေးလုပ်ငန်း၊ ရုံးအသုံးအဆောင်ပစ္စည်းများ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင်မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများထုခွဲခြင်း၊ ရောင်းချခြင်းနှင့် ငှားရမ်းခြင်း လုပ်ငန်းများအား ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များအလိုက် အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးမှုမရှိစေရေးနှင့် အဂတိကင်းရှင်းစွာဖြင့် နည်းလမ်းတကျဆောင်ရွက်နိုင်စေရေး နိုင်ငံတော်သမ္မတရုံး၏ တင်ဒါညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ တင်ဒါညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့နှင့်အညီ လုပ်ငန်းများလျင်မြန်စွာဆောင်ရွက်နိုင်စေရန် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က) ဦးရဲနိုင်၊ အဖွဲ့ဝင် ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ခ) ဦးကျော်မျိုးထွဋ်၊ အဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဂ) ဦးတင်အောင်စိုး၊ အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဃ) ဦးဇော်မိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဝန်ထမ်းရေးရာဦးစီးဌာန

(င) ဦးကျော်စိုး၊ ပါမောက္ခချုပ် အဖွဲ့ဝင်
နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)

(စ) ဦးကျော်ထွေး၊ ပါမောက္ခချုပ် အဖွဲ့ဝင်
နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)

(ဆ) ဦးမြင့်ဆွေ၊ ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အတွင်းရေးမှူး

၂။ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျပ် ၂၀ သန်းအောက် ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါနည်းလမ်းဖြင့် ဆောင်ရွက်ရန် မလိုဘဲ ယုံကြည်စိတ်ချရသော အနည်းဆုံးကုမ္ပဏီ (၃) ခုထံမှ ဈေးနှုန်းအဆိုပြုလွှာ တောင်းခံခြင်း၊

(ခ) ကျပ် ၂၀ သန်းမှ ကျပ် ၂၀၀ သန်းအထိ ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရာတွင် ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက်ကြိုတင်၍ကြေညာနိုင်ရေးဆောင်ရွက်ခြင်း၊

(ဂ) ကျပ် ၂၀၀ သန်းအထက် ဝယ်ယူခြင်းများအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး ကန့်သတ်မှုမရှိသော တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် အနည်းဆုံး (၁၄) ရက် ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး နှစ်ကြိမ်ကြေညာခြင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website၊ Web portal၊ Facebook Page နှင့် Myanmar National Portal တို့တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်၍ ကြေညာနိုင်ရေးဆောင်ရွက်ခြင်း၊

(ဃ) ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် ရောင်းချမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ ကျပ် ၂၀ သန်းအောက်ဖြစ်ပါက ရောင်းချမည့် သို့မဟုတ် ငှားရမ်းမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် ကြိုတင်၍ကြေညာခြင်း၊

(င) ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် ရောင်းချမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာ ငှားရမ်းခ ကျပ် ၂၀ သန်းနှင့်အထက်ဖြစ်ပါက ရောင်းချမည့် သို့မဟုတ် ငှားရမ်းမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက် ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး နှစ်ကြိမ်ကြေညာခြင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website၊ Web portal၊ Facebook Page နှင့် Myanmar National Portal တို့တွင် (၁၄) ရက် ကြိုတင်၍ကြေညာနိုင်ရေး ဆောင်ရွက်ခြင်း၊

(စ) ဌာနပိုင်၊ ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် တိုက်ရိုက်ရောင်းချခြင်းတို့ကို တင်ဒါဆိုင်ရာ ညွှန်ကြားချက်နှင့်အညီဆောင်ရွက်နိုင်ရေး ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းတို့အတွက် အနိမ့်ဆုံးကြမ်းခင်းဈေး သတ်မှတ်ခြင်း၊

(ဇ) ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများမှအပ တင်ဒါတည်မြဲမှုကာလသည် တင်ဒါတင်သွင်းသည့် နေ့ရက်မှစ၍ (၂) လထက် မပိုစေရေးဆောင်ရွက်ခြင်း၊ တင်ဒါတည်မြဲမှုကာလကို သတ်မှတ်ပေးခြင်း၊

(ဈ) နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေမဖြစ်မနေသုံးစွဲရမည့် ကိစ္စရပ်များမှအပ ပြည်တွင်းတွင်ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း ကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူခြင်း၊

(ည) ပြည်ပမှပစ္စည်းဝယ်ယူခြင်းအတွက် ပြည်တွင်းဈေးကွက်တွင်မရရှိနိုင်ခြင်း၊ ခွင့်ပြုထားသော အရောင်း ကိုယ်စားလှယ်မရှိခြင်းတို့အတွက် ပြည်ပမှဝယ်ယူခြင်းဆိုင်ရာ တင်ဒါနည်းလမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဋ) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းဝယ်ယူရေးဆိုင်ရာတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဌ) ဆောင်ရွက်မည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းအတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ဍ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ သတ်မှတ်ပေးခြင်း၊

(ဎ) စာချုပ်ပုံစံအတွက် ဥပဒေရေးရာဝန်ကြီးဌာနမှ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရေးနှင့် တင်ဒါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စာချုပ်များ စီမံခန့်ခွဲနိုင်ရေးကြပ်မတ်ခြင်း၊

(ဏ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကုန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကုန်ထရိုက်အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်း ပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(တ) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန် ပေးအပ်ခြင်း၊

(ထ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူ စာရင်းထုတ်ပြန်မည့် နေ့ရက်သတ်မှတ်ခြင်း၊

( ဒ ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေးပေးသွင်းနိုင်ရေး စီမံဆောင်ရွက်ခြင်း၊

( ဓ ) ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

( န ) တင်ဒါလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော တင်ဒါဆိုင်ရာကော်မတီများဖြစ်သည့် **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများ** ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

( ပ ) အထက်အပိုဒ်ခွဲ (န) ပါ ကော်မတီများဖွဲ့စည်းရာတွင် တင်ဒါကော်မတီသည် **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ကို ငွေးရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်း၏ဈေးကွက်အခြေအနေကို နားလည်တတ်ကျွမ်းသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ကိုယ်စားလှယ်အနည်းဆုံး (၃) ဦးဖြင့် လည်းကောင်း၊ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို ဌာနကိုယ်စားလှယ်များအပြင် ဝယ်ယူမည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ တတ်ကျွမ်းနားလည်သည့် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်အနည်းဆုံး (၃) ဦးမှ အများဆုံး (၅) ဦးဖြင့်လည်းကောင်း၊ **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ကို ဝယ်ယူမည့် ဌာနအဖွဲ့အစည်းမှ ကိုယ်စားလှယ်အနည်းဆုံး (၃) ဦးဖြင့်လည်းကောင်း တာဝန်ပေးအပ်ခြင်း၊

( ဖ ) အခါအားလျော်စွာ ထုတ်ပြန်သော တင်ဒါစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း။

၃။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** အနေဖြင့် တင်ဒါဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်အတွက် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်သမ္မတရုံး၏ တင်ဒါညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ တင်ဒါညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်ပါကလုပ်ငန်းနှောင့်နှေးကြန့်ကြာမှုမဖြစ်စေရေးနှင့် လိုအပ်သည့် စီမံခန့်ခွဲမှုများပြုလုပ်နိုင်ရေးတို့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌထံ အချိန်နှင့်တစ်ပြေးညီတင်ပြဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၂၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အောင်သော်

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### တင်ဒါကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များ အလိုက် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကြော်ငြာခေါ်ယူ ဆောင်ရွက်ရာ၌ သတ်မှတ်ထားရှိသည့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများ၊ ဒေသန္တရဈေးနှုန်းများနှင့်အညီ မှန်မှန်ကန်ကန် စနစ်တကျတွက်ချက်နိုင်ရန်အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ကြမ်းခင်းဈေးတွက်ချက်ရေး ကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဦးလှအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးဇော်ဝင်းနိုင်၊ ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးလှစိုး၊ ဌာနမှူး (ဘဏ္ဍာ)<br>နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဃ) | ဦးမောင်မောင်ဖြိုး၊ ဌာနမှူး (သင်တန်းရေးရာ)<br>နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (င) | ဦးရဲထက်လွင်၊ ဒုတိယညွှန်ကြားရေးမှူး<br>ဥက္ကဋ္ဌရုံးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဒေါ်ကေဇင်ဘုန်းမြင့်၊ ဌာနမှူး (ဘဏ္ဍာ)<br>နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်ဝင်း၊ ဌာနမှူး (စီမံ)<br>နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |

(ဇ) ဦးထိန်လင်းအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဥက္ကဌရုံးအဖွဲ့ — အဖွဲ့ဝင်

(ဈ) ဦးစစ်နိုင်၊ ဌာနစုမှူး (ပစ္စည်းဂိုထောင်) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(ည) ဦးရဲထွဋ်မောင်၊ ဒုတိယညွှန်ကြားရေးမှူး ဝန်ထမ်းရေးရာဦးစီးဌာန — အတွင်းရေးမှူး

၂။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** အနေဖြင့် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များသာမက တင်ဒါဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်အတွက် နိုင်ငံတော်သမ္မတရုံး၏ တင်ဒါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ တင်ဒါညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသည့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်လာပါက လုပ်ငန်းနှောင့်နှေးကြန့်ကြာမှု မဖြစ်စေရေးနှင့် လိုအပ်သည့် စီမံခန့်ခွဲမှုများပြုလုပ်နိုင်ရေးတို့အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါ ကော်မတီ** သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၂၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၅)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဥက္ကဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များ၏ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူခြင်း၊ ဝန်ဆောင်မှု ရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကြော်ငြာခေါ်ယူဆောင်ရွက်ရာ၌ သတ်မှတ်ထားရှိသည့် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန်စနစ်တကျလက်ခံနိုင်ရန်နှင့် စိစစ်အကဲဖြတ်ခြင်း၊ ရွေးချယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန်တို့အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါ လက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ် လိုက်သည်–

(က) ဦးအောင်တင်စိုး၊ အမြဲတမ်းအတွင်းဝန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ — အဖွဲ့ခေါင်းဆောင်

| | | |
|---|---|---|
| ( ခ ) | ဦးမြင့်ဆွေ၊ ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| ( ဂ ) | ဒေါ်ချိုချိုပြုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မူမူမြင့်၊ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| ( င ) | ဒေါ်ခင်စမ်းယု၊ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| ( စ ) | ဒေါ်စန်းယုမော်၊ လက်ထောက်အတွင်းဝန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဦးဇော်ထက်နိုင်၊ ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| ( ဇ ) | ဦးဖြိုးသန့်ဇော်၊ ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဈ) | ဦးရဲသက်ခိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးရဲထက်လွင်၊ ဒုတိယညွှန်ကြားရေးမှူး ဥက္ကဋ္ဌရုံးအဖွဲ့ | အဖွဲ့ဝင် |
| ( ဋ ) | ဦးစိုးမောင်မောင်၊ ဒုတိယညွှန်ကြားရေးမှူး ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ဦးဇင်ဗိုလ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဥက္ကဋ္ဌရုံးအဖွဲ့ | အဖွဲ့ဝင် |
| ( ဍ ) | ဦးကျော်နိုင်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |

(ဎ) ဒေါ်အိငြိမ်းသူ၊ လက်ထောက်အင်ဂျင်နီယာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(ဏ) ဦးဇေယျာနိုင်၊ ဦးစီးအရာရှိ ဥက္ကဋ္ဌရုံးအဖွဲ့ — အဖွဲ့ဝင်

(တ) ဒေါ်အေးအေးသွင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ — အတွင်းရေးမှူး

၂။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) တင်ဒါအဆိုပြုလွှာများအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီမှ သတ်မှတ်ထားရှိသည့် တင်ဒါစည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျလက်ခံခြင်း၊ စိစစ်ခြင်း၊ အကဲဖြတ်ခြင်း၊ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းတို့အတွက်လည်းကောင်း၊ အကြံပေး၊ ဝန်ဆောင်မှုရယူခြင်းတို့အတွက်လည်းကောင်း တင်သွင်းလာသည့် အဆိုပြုလွှာများအား တင်ဒါဖွင့်ဖောက်ရာတွင် သတ်မှတ်ထားရှိသော လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ခြင်း၊

(ဂ) တင်ဒါအဆိုပြုလွှာနှင့်အတူ ပူးတွဲတင်ပြရမည့် အချက်အလက်၊ အဆောက်အဦဒီဇိုင်း၊ ကုန်ကျစရိတ်တွက်ချက်တင်ပြမှုတို့ကို အသေးစိတ်စိစစ်ခြင်း၊

(ဃ) တစ်ဆင့်ခံ (sub contract) ပေးခြင်းမျိုးမရှိစေရေးအတွက် ကတိကဝတ်အာမခံချက်နှင့် အရည်အသွေးစစ်ဆေးသည့်နည်းလမ်းတို့ဖြင့် မှန်ကန်စွာရွေးချယ်ခြင်း၊

(င) တင်ဒါအဆိုပြုဈေးနှုန်းများကို တန်ဖိုးအနည်း/အများအလိုက် စာရင်းရေးသွင်းပြီး ဈေးနှုန်းစနစ်တကျစိစစ်ခြင်း၊

(စ) ဈေးအနည်းဆုံးပေး၍ ဈေးဖျက်သည့်သဘောဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီများစိစစ်တွေ့ရှိရပါက ရွေးချယ်မှုမပြုလုပ်ခြင်း၊ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နှစ်ကာလကန့်သတ်မှုပြုလုပ်ရန် မှတ်တမ်းတင်ထားရှိခြင်း၊

(ဆ) တင်ဒါအဆိုပြုလွှာများအား တင်ဒါဆိုင်ရာဖွဲ့စည်းထားရှိသည့် ကော်မတီအားလုံးနှင့် တင်ဒါတင်သွင်းသူများအားလုံး၏ ရှေ့မှောက်၌ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာကော်မတီအားလုံးရှေ့မှောက်တွင် သတ်မှတ်ထားရှိသည့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊ အမှတ်ပေးစည်းမျဉ်းများနှင့်အညီ အကဲဖြတ်ခြင်း၊ အစီရင်ခံစာပြုစုခြင်းနှင့် အကြံပြုချက်များတင်ခြင်း၊

(ဈ) ကော်မတီသည် သတ်မှတ်ချက်နှင့်ညီညွတ်မှုမရှိကြောင်း အကျိုးအကြောင်းခိုင်လုံစွာဖြင့် တင်ဒါတင်သွင်းလာသည့် မည်သည့်ကုမ္ပဏီကိုမဆို တင်ဒါပယ်ဖျက်ခြင်း၊ တင်ဒါငြင်းပယ်ခြင်း သို့မဟုတ် အသစ်တစ်ဖန်ပြန်လည်ခေါ်ယူခြင်း၊

(ည) တင်ဒါအောင်မြင်သည့် ကုမ္ပဏီ၏ အမည်စာရင်းကြေညာနိုင်ရေး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌထံ တင်ပြ၍ ခွင့်ပြုချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း။

၃။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** အနေဖြင့် သတ်မှတ်ထားရှိသောလုပ်ငန်းတာဝန်များသာမက တင်ဒါဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်အတွက် နိုင်ငံတော်သမ္မတရုံး၏ တင်ဒါညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ တင်ဒါညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသည့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်လာပါက လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုမဖြစ်စေရေးနှင့် လိုအပ်သည့်စီမံခန့်ခွဲမှုများပြုလုပ်နိုင်ရေးတို့အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၂၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၅)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များ၏ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကြော်ငြာခေါ်ယူဆောင်ရွက်ရာ၌ သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးရန်အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဦးဇော်မိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ် အဖွဲ့ခေါင်းဆောင်
ဝန်ထမ်းရေးရာဦးစီးဌာန

(ခ) ဦးသန်းနိုင်၊ ညွှန်ကြားရေးမှူး ဝန်ထမ်းရေးရာဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ဦးဇော်ထက်နိုင်၊ ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(ဃ) ဦးဖြိုးသန့်ဇော်၊ ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(င) ဦးအောင်ကျော်ငွေ၊ ဒုတိယညွှန်ကြားရေးမှူး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန — အဖွဲ့ဝင်

(စ) ဦးမောင်ခြိမ့်၊ ဒုတိယညွှန်ကြားရေးမှူး ဝန်ထမ်းရေးရာဦးစီးဌာန — အဖွဲ့ဝင်

(ဆ) ဦးသန့်ဇင်၊ ဌာနမှူး (သင်တန်းရေးရာ) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(ဇ) ဒေါ်ကြည်ကြည်ခိုင်ထွန်း၊ ဌာနမှူး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(ဈ) ဦးရဲထက်လွင်၊ ဒုတိယညွှန်ကြားရေးမှူး ဥက္ကဋ္ဌရုံးအဖွဲ့ — အဖွဲ့ဝင်

(ည) ဒေါ်အိငြိမ်းသူ၊ လက်ထောက်အင်ဂျင်နီယာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(ဋ) ဦးဇော်ထက်ပိုင်၊ လက်ထောက်အင်ဂျင်နီယာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(ဌ) ဦးမြင့်ဆွေ၊ ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ — အတွင်းရေးမှူး

၂။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဆောက်အဦများတည်ဆောက်ရာတွင် သတ်မှတ်ထားရှိသည့် စံချိန်စံညွှန်းများနှင့် အရည်အသွေး ကိုက်ညီမှု ရှိ မရှိ လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊ ဈေးနှုန်းမှန်ကန်မှု ရှိ မရှိ စိစစ်ခြင်း၊

( ခ ) ဝယ်ယူမည့် ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများကို စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( ဂ ) ပစ္စည်းလက်ခံစာရွက်စာတမ်းများထုတ်ပေးခြင်း၊

(ဃ) အဆောက်အဦ၊ လုပ်ငန်းသုံးပစ္စည်း၊ စက်ပစ္စည်းအစရှိသော ကုန်ဆုံးသက်တမ်း သို့မဟုတ် အာမခံ သက်တမ်း သတ်မှတ်ချက်များကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်း၊

( င ) လုပ်ငန်းအမျိုးအစား သဘောသဘာဝအရ လိုအပ်လျှင် ဆောင်ရွက်ဆဲကာလအတွင်း လုပ်ငန်းအဆင့်များ ခွဲခြားသတ်မှတ်၍ အရည်အသွေးစစ်ဆေးမှုဆောင်ရွက်ခြင်း၊

( စ ) Work Schedule ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ သတ်မှတ်ထားရှိသည့် အချိန်ကာလအတွင်း အရည်အသွေးပြည့်မီစွာပြီးစီးရေး စိစစ်ကြပ်မတ်ခြင်း၊

(ဆ) တင်ဒါအောင်မြင်သူ ကုမ္ပဏီ/ အဖွဲ့အစည်းမှ အသုံးပြုသည့် ပစ္စည်းများကို တင်ဒါစည်းမျဉ်းစည်းကမ်း၊ စာချုပ်ပါ သတ်မှတ်အရေအတွက် အရည်အသွေးပြည့်မီခြင်း ရှိ မရှိ စိစစ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာပြုစု၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီသို့တင်ပြခြင်း၊

( ဇ ) ကော်မတီသည် လိုအပ်ပါက ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်သူများကို ဖိတ်ကြားခေါ်ယူ၍ ဆွေးနွေး မေးမြန်း ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** အနေဖြင့် သတ်မှတ်ထားရှိသော လုပ်ငန်းတာဝန်များသာမက တင်ဒါဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်အတွက် နိုင်ငံတော်သမ္မတရုံး၏ တင်ဒါညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ တင်ဒါညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသည့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်လာပါက လုပ်ငန်းနှောင့်နှေးကြန့်ကြာမှု မဖြစ်စေရေးနှင့် လိုအပ်သည့်စီမံခန့်ခွဲမှုများပြုလုပ်နိုင်ရေးတို့အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၂၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ရဲနိုင်၊ အဖွဲ့ဝင်

ဥက္ကဋ္ဌ

တင်ဒါကော်မတီ

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၈ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်)

အမှတ် ၅၀/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
|---|---|---|
| အုန်းကြိုင် | ကြည်း | ၈၁၃၂၄ |

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်)

အမှတ် ၅၂/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | | |
|---|---|---|---|---|
| (၁) | ကိုကိုနိုင် | ကြည်း | ၈၁၃၂၅ | ၁၂-၃-၂၀၂၅ |
| (၂) | မြင့်ထွန်း | ကြည်း | ၈၁၃၂၆ | ၁၂-၃-၂၀၂၅ |
| (၃) | ချစ်ရီ | ကြည်း | ၈၁၃၂၈ | ၁၅-၃-၂၀၂၅ |
| (၄) | စောဝင်းနောင် | ကြည်း | ၈၁၃၂၉ | ၁၅-၃-၂၀၂၅ |
| (၅) | မြင့်လှိုင် | ကြည်း | ၈၁၃၃၀ | ၁၆-၃-၂၀၂၅ |

အမှတ် ၅၃/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ကျော်ကျော်မင်း ကြည်း ၈၁၃၂၇

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်)

အမှတ် ၅၄/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

သက်နိုင် ကြည်း ၈၁၃၃၁

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်)

အမှတ် ၅၅/၂၀၂၅။ အောက်ဖော်ပြပါတက္ကသိုလ်ကျောင်းဆရာ/ဆရာမများအား ကာကွယ်ရေးဌာနကောင်စီညွှန်ကြားလွှာအမှတ်၊ ၂/၈၇ အရ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှအစပြု၍ တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| အမှတ်စဉ် | ရာထူး | အမည် | ပြန်တမ်းဝင်အမှတ် |
|---|---|---|---|
| ၁ | လက်ထောက်ကထိက | ဒေါ်မေသူ | တကသ-၁၁၅ |
| ၂ | နည်းပြ | ဒေါ်သီရိဖြိုးစံ | တကသ-၁၁၆ |
| ၃ | နည်းပြ | ဒေါ်စုဝေဖူး | တကသ-၁၁၇ |
| ၄ | နည်းပြ | ဒေါ်လွင်လွင်ယု | တကသ-၁၁၈ |
| ၅ | နည်းပြ | ဒေါ်သိမ့်သိမ့်မိုး | တကသ-၁၁၉ |
| ၆ | သရုပ်ပြ | ဒေါ်ဖြူဝင်းအိ | တကသ-၁၂၀ |
| ၇ | တွဲဖက်ပါမောက္ခ | ဒေါ်ချိုချိုမြင့် | တကသ-၁၂၁ |
| ၈ | နည်းပြ | ဦးဇေယျာဖြိုး | တကသ-၁၂၂ |
| ၉ | နည်းပြ | ဦးရှိုင်းထက်အောင် | တကသ-၁၂၃ |

| အမှတ်စဉ် | ရာထူး | အမည် | ပြန်တမ်းဝင်အမှတ် |
|---|---|---|---|
| ၁၀ | နည်းပြ | ဒေါ်တင်တင်မိုးဦး | တကသ-၁၂၄ |
| ၁၁ | သရုပ်ပြ | ဒေါ်ထွန်းအိန္ဒြာစိုး | တကသ-၁၂၅ |
| ၁၂ | ပါမောက္ခ | ဒေါ်သက်သက်စိုး | တကသ-၁၂၆ |
| ၁၃ | နည်းပြ | ဒေါ်ဝန်းပြည့်သီတာအောင် | တကသ-၁၂၇ |
| ၁၄ | သရုပ်ပြ | ဒေါ်မို့မို့ထွန်း | တကသ-၁၂၈ |
| ၁၅ | တွဲဖက်ပါမောက္ခ | ဒေါ်ယဉ်မင်းစိုး | တကသ-၁၂၉ |
| ၁၆ | တွဲဖက်ပါမောက္ခ | ဦးဇော်မြင့်နိုင်ဦး | တကသ-၁၃၀ |
| ၁၇ | နည်းပြ | ဦးမျိုးမင်းထွန်း | တကသ-၁၃၁ |
| ၁၈ | နည်းပြ | ဦးနေထက်လင်း | တကသ-၁၃၂ |
| ၁၉ | သရုပ်ပြ | ဒေါ်ရွှေယမင်းဦး | တကသ-၁၃၃ |
| ၂၀ | တွဲဖက်ပါမောက္ခ | ဒေါက်တာ ဝင်းမာလာသိန်း | တကသ-၁၃၄ |
| ၂၁ | နည်းပြ | ဦးစိုးမင်းထွေး | တကသ-၁၃၅ |
| ၂၂ | နည်းပြ | ဒေါ်ဝါဝါစိုး | တကသ-၁၃၆ |
| ၂၃ | နည်းပြ | ဒေါ်အိမ့်ပြည့်စုံခင် | တကသ-၁၃၇ |
| ၂၄ | သရုပ်ပြ | ဒေါ်နှင်းနုနုအောင် | တကသ-၁၃၈ |
| ၂၅ | တွဲဖက်ပါမောက္ခ | ဒေါ်မိုးကလျာဦး | တကသ-၁၃၉ |
| ၂၆ | သရုပ်ပြ | ဒေါ်ဖြိုးရွှေရည်စံ | တကသ-၁၄၀ |
| ၂၇ | သရုပ်ပြ | ဒေါ်ခင်ထားဆွေ | တကသ-၁၄၁ |
| ၂၈ | သရုပ်ပြ | ဒေါ်မေသူထွန်း | တကသ-၁၄၂ |
| ၂၉ | နည်းပြ | ဦးကောင်းဖုံဟိန်း | တကသ-၁၄၃ |
| ၃၀ | နည်းပြ | ဒေါ်ခိုင်ဝင့်ကို | တကသ-၁၄၄ |
| ၃၁ | သရုပ်ပြ | ဦးသန်းတိုးအောင် | တကသ-၁၄၅ |
| ၃၂ | သရုပ်ပြ | ဒေါ်ကေသွယ်ထွန်း | တကသ-၁၄၆ |
| ၃၃ | သရုပ်ပြ | ဒေါ်သင်းသင်းလှိုင် | တကသ-၁၄၇ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၆ ရက်)

အမှတ် ၂၈၂။ ၂၆-၂-၂၀၂၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) အစီအစဉ် ၄ (ဃ-၅) ၌ သဘောတူဆုံးဖြတ်ချက်အရ မြင်းခြံတက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ကြေးမုံလွင် အား ၂၂-၃-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၂-၇-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၂၈၃။ ၂၆-၂-၂၀၂၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) အစီအစဉ် ၄ (ဃ-၃) ၌ သဘောတူဆုံးဖြတ်ချက်အရ ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ နီနီသန်း အား ၁၃-၃-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၁၃-၇-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၂၈၇။ ၂၆-၂-၂၀၂၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) အစီအစဉ် ၄ (ဃ-၆) ၌ သဘောတူဆုံးဖြတ်ချက်အရ မော်လမြိုင်တက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ အေးအေးမြင့် အား လုပ်ငန်းလိုအပ်ချက်အရ အများပြည်သူအကျိုးငှာ ၉-၃-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ငြင်းပယ်၍ အသက် ၆၂ နှစ်ပြည့်မည့် ၉-၇-၂၀၂၅ ရက်နေ့မှစ၍ ငြင်းပယ်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၉-၁၁-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၂၈၈။ ၂၆-၂-၂၀၂၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) အစီအစဉ် ၄ (ဃ-၈) ၌ သဘောတူဆုံးဖြတ်ချက်အရ ဘားအံတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာ စန်းစန်းဌေး အား ၃၀-၃-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၃၀-၇-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ မတ်လ ၇ ရက်)

အမှတ် ၂၉၄။ ၂၆-၂-၂၀၂၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) အစီအစဉ် ၄ (ဃ-၇) ၌ သဘောတူဆုံးဖြတ်ချက်အရ ကျောက်ဆည်တက္ကသိုလ်၊ သင်တန်းရေးရာဌာနမှ ဌာနမှူး ဦးစိုးဝင်း အား ၂၈-၆-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့် ၂၈-၁၀-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၂၉၉။ ၂၆-၂-၂၀၂၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) အစီအစဉ် ၄ (ဃ-၄) ၌ သဘောတူဆုံးဖြတ်ချက်အရ မြစ်ကြီးနားတက္ကသိုလ်၊ ဘူမိဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ မြင့်ဦး အား ၁၈-၃-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၁၈-၇-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ဝင်းထွန်း
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၇/ ၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ရာထူးတိုး)/ ၂၀၂၅ (၂၈၁၀) အရ ၂၀၂၅ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) က သဘောတူညီပါသဖြင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဌာနခွဲစာရေး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဝန်ထမ်း (၄) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးများသို့ သက်ဆိုင်ရာဌာနခွဲအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ရာထူး | ခန့်ထားသည့် ဌာနခွဲ |
|---|---|---|---|---|
| ၁။ | ဒေါ်အိအိစိုး | ဌာနခွဲစာရေး | ဦးစီးအရာရှိ | အမှတ်စာရင်း |
| ၂။ | ဒေါ်တင်တင်ဌေး | ဌာနခွဲစာရေး | ဦးစီးအရာရှိ | အောင်လက်မှတ် |

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ရာထူး | ခန့်ထားသည့် ဌာနခွဲ |
|---|---|---|---|---|
| ၃။ | ဦးအောင်အောင်မိုး | ဌာနခွဲစာရေး | ဦးစီးအရာရှိ | စာမေးပွဲ-၁ |
| ၄။ | ဦးဇော်နိုင်ဦး | ဌာနခွဲစာရေး | ဦးစီးအရာရှိ | စာမေးပွဲ-၂ |

ဒေါက်တာ မျိုးသန့်
ညွှန်ကြားရေးမှူးချုပ်
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

## ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၀-၃-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ရာထူးတိုး)/ ၂၀၂၅ (၂၈၀၈) အရ နှင့် ၆-၃-၂၀၂၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) တွင် သဘောတူညီချက်အရ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဝင်းဝင်းငွေ အား သင်ရိုးညွှန်းတမ်းပြုစုရေးနှင့် တန်းညှိပညာရေးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၆-၃-၂၀၂၅ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ညွှန်ကြားရေးမှူးချုပ်
ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန

## ဆေးသုတေသနဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

အမှတ် ၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)၊ အမျိုးသားသွေး သုတေသနဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းပပနိုင် (ဆမ-၁၂၃၄၃) သည် ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ) တွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် (သုတေသန)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူး၏ အလုပ်တာဝန်များကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းမှ စတင်ထမ်းဆောင်သည်။

ပါမောက္ခဒေါက်တာ အေးအေးခင်
ညွှန်ကြားရေးမှူးချုပ်
ဆေးသုတေသနဦးစီးဌာန

ပ၊ ထ၊ န - အမှတ် ၆၃၅/၂၄/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၁၇၀/ ၁၈-၄-၂၀၂၅။